ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်း

အကျဉ်းချုပ်

28.4.2022

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း အကျဉ်းချုပ်

စစ်ကောင်စီတပ်သားကျဆုံး	စစ်ကောင်စီတပ်သားဒဏ်ရာရ
(၂၃)ဦး	(၁၇)ဦး

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကချင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၈)ရက်နေ့၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ ချောင်းဝပြည်သူ့စစ် စခန်းတစ်ခုကို KIA၊ PDF ပူးပေါင်းအဖွဲ့မှ ဝင်ရောက်မီးရှို့ခဲ့သည်။

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ထားလဲကျေးရွာအောက် KA နှင့် စကစတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစဘက်မှ ထိခိုက်ကျဆုံးမှုများသော်လည်း အတည်မပြုနိုင်ကြောင်း သိရသည်။

ချင်းပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့၊ ချင်းပြည်နယ်၊ မတူပီမြို့နယ်မှ ကျောက်ထုမြို့သို့ ပြန်လည် ထွက်ခွာလာသည့် စကစယာဥ်တန်း (၇၀) ကျော်၊ အင်အား (၃၀၀) နီးပါးရှိသော စကစတပ်နှင့် CDF-Matupi တို့ မတူပီ-မင်းတပ်လမ်း (၈) မိုင်အကွာ၌ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစတပ်သား (၈) ဦးသေဆုံးခဲ့ကာ အများပြား ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မွန်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့၊ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ပိန္နဲတောကျေးရွာရှိ စကစတပ်စခန်းအား ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA တပ်မဟာ ၁ ၊ တပ်ရင်း ၂ ၊ PDF တပ်ရင်း ၂ နှင့် သထုံမြို့နယ်၊ ပြည်သူ့ကာကွယ်ရေးအင်အားစု (TPDF) ပူးပေါင်းအဖွဲ့မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် သွားရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစတပ်သား ၃ ဦး သေဆုံးခဲ့ကာ ၆ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့၊ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ရှင်မတောင်ပေါ်သို့ အင်အားဖြည့်ရန်လာသည့် စကစကား ၁ စီးအား မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ ကားမှာပျက်စီးသွားခဲ့ပြီး စကစတပ်သား ၁ ဦး သေဆုံး၍ အများအပြားဒဏ်ရာရရှိသွားကြောင်းနှင့် စကစဘက်မှ ရမ်းသမ်း ပစ်ခတ်သော်လည်း ပြည်သူကာကွယ်ရေးရဲဘော်များ အထိအခိုက်မရှိခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၈)ရက်နေ့၊ မကွေးတိုင်း၊ မြိုင်မြို့နယ်၊ စိုင်းဂေါင်းကျေးရွာသို့ စကစ တပ်သား ၇၀ ကျော် မှဝင်ရောက်စီးနင်း၍ မီးရှို့ဖျက်ဆီးနေသည့်အတွက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ဝင်ရောက် တိုက်ခိုက်ခဲ့ရာ နှစ်ဖက်အထိအခိုက်မှုများအားမသိရသေးကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့၊ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ပုံတောင်ပုံညာတွင်စခန်းချနေသည့် စကစ တပ်သား ၈ ဦးအား ချောင်းတစ်ခုအနီး၌ ယောဒေသပြည်သူ့ကာကွယ်ရေးတပ်မှ တိုက်ခိုက်ခဲ့ရာ စကစဘက်မှ ၆ ဦးသေဆုံးပြီး ၂ ဦး ထွက်ပြေးသွားကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့၊ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ပခုက္ကူမြို့နှင့် မြိုင်မြို့ကို ဆက်သွယ်ထားသည့် ကားလမ်းပေါ်၌ သွားလာနေသည့် စကစတပ်ဖွဲ့ကို ပခုက္ကူမြို့ပြ ပြောက်ကျားတပ်ဖွဲ့ PUGF မှ ပဒေသာမိုင်း ၁၀ လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ရာ စကစ ကား ၁ စီးပျက်စီး၍ စကစတပ်သား ၅ ဦးထက် မနည်းသေဆုံးခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ကောင်စီ၏ အကြမ်းဖက်မှုများ

ချင်းပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့၊ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ တီးတိန်မြို့၊ မြို့မရပ်ကွက်နှင့် လွယ်ဘွာလ်း ရပ်ကွက်၌ သေနတ်ပစ်ခတ်သံများ ကြားရပြီးနောက် ကိုခိုင်လျန်မွှောင် အသက် (၁၇) နှစ်သည် ကျည်ထိမှန် သေဆုံးခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၈)ရက်နေ့၊ ပဲခူးတိုင်းအနောက်ခြမ်း၊ ပြည်မြို့နယ်၊ ပြည်မြို့၊ ဗိုလ်ချုပ်ကျောက်ရုပ်အနီး ညဈေးတန်းရှိ ဆိုင်ခန်းများကို စကစတပ်သားများ၊ စကစလက်အောက်ခံ ရဲများက လုံခြုံရေးအင်အားသုံး၍ နှစ်ဖက်လမ်းများကို ပိတ်ဆို့ကာ စက်ယန္တရားများဖြင့် ဖြိုဖျက်နေကြောင်း သိရသည်။

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့၊ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ သစ်ညီနောင်ကျေးရွာကို စကစတပ်သားများ၊ တပ်ကုန်းပျူစောထီး၊ ပျဉ်ထောင်ပျူစောထီးနှင့် ကိုင်းလယ်ရဲစခန်းမှ စကစလက်အောက်ခံ ရဲများ စုစုပေါင်းအင်အား ၅၀ ခန့်ဖြင့် ဝင်ရောက်ခဲ့ကာ ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့၊ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ကျွန်းဖိုပင်ဘက်မှ စကစတပ်များသည် ချင်းတွင်းမြစ်အရှေ့ဘက် မြောင်နယ်ဘက်ရှိ ရွှေတချောင်း၊ နန္ဒင်းကိုင်းဘက်သို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့၊ မန္တလေးတိုင်း၊ အောင်မြေသာစံမြို့နယ်ရှိ တရားရုံးမှ မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၏ ရှေ့နေဖြစ်သူ ဒေါ်ရွှက်နုအောင်အား စကစများက တရားရုံးမှအပြန်၌ ၎င်းနှင့် အတူ ရှေ့နေအမျိုးသမီး ၁ ဦးကိုပါဖမ်းဆီးသွားခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၈)ရက်နေ့၊ မန္တလေးတိုင်း၊ တောင်သာမြို့နယ်၊ ရုံးတောကျေးရွာသို့ စကစ ကား ၂ စီး အရပ်ဝတ်များဖြင့်ရောက်လာခဲ့ပြီး CDM ဆရာ/ဆရာမများအား စာရင်းဖြင့် လာရောက်ဖမ်းဆီးရာ မမိသဖြင့် ကျေးရွာမှ ပြည်သူ (၅)ဦး အား ဖမ်းဆီးသွားခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုံးမြို့နယ်တွင် စကစ၏ ရှမ်းပြည်ဝန်ကြီးချုပ်နှင့် လူမှုဝန်ကြီး လာချိန်တွင် သီရိမင်္ဂလာလမ်း၌နေထိုင်သည့် ပြည်သူများက ထိုနေရာအနီးတစ်ဝိုက်အား မဖြစ်မနေ သွားရောက်၍ အမှိုက်ကောက်၊ မြက်နုတ်၊ သန့်ရှင်းရေး သွားလုပ်ပြခဲ့ရကြောင်း သိရသည်။

ရန်ကုန်တိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့၊ ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီနီလမ်းနေ ရုပ်ရှင်သရုပ်ဆောင် ခိုင်သင်းကြည်၏ နေအိမ်ကို စကစများက ဧည့်စာရင်းစစ်သည့်ပုံစံမျိုးဖြင့် ဝင်ရောက်ခဲ့ပြီး ၎င်းအမျိုးသားဖြစ်သူ ဦးခန့်နိုင် ကို ဖမ်းဆီးသွားခဲ့သည်။

ရခိုင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ကျောက်ကလပ်အုပ်စု၊ ဂျိုင်သာကျေးရွာရှိ နေအိမ်များကို ၁၅ ရက်အတွင်းမပြောင်းရွှေ့ပါက အင်အားသုံးဖြိုဖျက်ခံရမည်ဟု စကစတပ်မှ လာရောက်ဖိအားပေးခဲ့ပြီး လက်ရှိဂျိုင်သာကျေးရွာသည် ၁၉၇၆ ခုနှစ်မှစ၍ မြေနေရာများအား ရှင်းလင်းပြီး ကျေးရွာသားများနေထိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ၁၉၉၆ ခုနှစ် အရောက်တွင် ရေတပ်ပိုင်မြေအဖြစ် သတ်မှတ်ခံရကာ ကျေးရွာအတွင်းနေထိုင်သူများမှာလည်း တစ်အိမ်လျှင် ငွေကျပ် ၅၀၀ စီဖြင့် တစ်နှစ်စာအခွန်ဆောင်၍ နေထိုင်ခဲ့ကြရကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၈)ရက်နေ့၊ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် AA နှင့်ဆက်စပ်သံသယဖြင့် အကြမ်းဖက်မှုပုဒ်မများနှင့် တရားရင်ဆိုင်နေရသည့် ကျောက်ဆိပ်ကျေးရွာမှ ကိုညီညီအောင် (၂၄ နှစ်) ကိုမျိုးလင်းဦး (၂၄ နှစ်)၊ ကိုမောင်ချေ (၂၄ နှစ်)၊ ကိုမင်းစိုး (၃၈ နှစ်)နှင့် ကိုကျော်ဝင်းဟိန်း (၂၂ နှစ်) တို့ကို ဧပြီလ ၁၉ ရက်နေ့တွင် စကစတပ်မှ ဖမ်းဆီးခဲ့ပြီး ၂ နှစ်ကျော်ကြာလာသည်အထိ အမှုကို အမိန့်မချဘဲ စစ်တွေခရိုင် တရားရုံး၌ အမိန့်ချရန် အကြိမ်ကြိမ် ရုံးထုတ်ခဲ့သော်လည်း အမိန့်မချဘဲ

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရုံးချိန်းမကြာခဏချိန်းနေမှု အပေါ် ဥပဒေဘောင်အတွင်း ပြန်ပေးဆွဲခြင်းဟု မိသားစုများနှင့် ၎င်းတို့အမှုကို လိုက်ပါဆောင်ရွက် နေသူများကပြောဆိုကြောင်း သိရသည်။

ဧရာဝတီတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီ (၂၇)ရက်နေ့၊ ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းများသည် ငွေအပ်နှံထားသည့် ပြည်သူများ၊ ပင်စင်လစာငွေ လာရောက်ထုတ်ယူသည့် ပင်စင်ဝန်ထမ်းများဆီက ခေါင်းစဉ်မဲ့ အလှူငွေကောက်ခံမှုများ လုပ်ဆောင်နေကြောင်း သိရသည်။